# ဆင်လမ်းကြီးကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဆင်လမ်းကြီးကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ


စကားချီး ၅
ဆင်လမ်းကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က)ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၁၈
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၆၆

ကော်မတီစာရင်း ၇၂

ကိုးကားစာရင်း ၇၃

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဆင်လမ်းကြီးကျေးရွာ

မင်းဘူး(စကု)မြို့နယ်


ဆင်လမ်းကြီးရွာသယံဇာတပြမြေပုံကြမ်း
အိမ်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက် နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိ လာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်

အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဆင်လမ်းကြီးကျေးရွာသည် မင်းဘူးတောင်ဘက်(၈)မိုင်ခန့်အကွာတွင်တည်ရှိပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးစိုက်ရာ မင်းဘူးမြို့နှင့် သွားလာဆက်သွယ်ရေး လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း တို့ဖြင့် မွေးဝမ်းကြောင်းပြုကြပါသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှ မိုးချိန်မှာ ၄၀လက်မနှင့် ၅၀ လက်မကြားတွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ကျေးရွာအနီးတွင် တောတောင်များမရှိဘဲ ဆားပွက်ချောင်းနှင့် ကြံခင်းပုခုက္ကူရထားလမ်းရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်အနေ အထား ဖြစ်ပါသည်။ ယာမြေများမှာ ပဲ၊နှမ်း၊ပဲစဉ်းငုံများ ထုတ်လုပ်ရန် နှင့် အသက်မွေးဝမ်း ကျောင်းပြုရန်အတွက် အဓိကအားထားရာ ဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျွန်ုပ်တို့ဆင်လမ်းကြီးကျေးရွာတွင် ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများမှာ မိုးရေဖြင့် ယာဧကေ (၁၉၁၅)ခန့်ကို စိုက်ပျိုးကြသည်။ မြေအောက်ရေ အသင့်အတင့် သုံးကြသည်။ စိုက်ပျိုးနိုင်သည့် ယာဧကေ (၁၉၁၅)ခန့်ကို နှမ်း၊ပဲကြီး၊ကုလားပဲကို အဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ဆင်လမ်းကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၅၅)စုရှိပြီး လူဦးရေစုစုပေါင်း(၁၃၄၄)ဦး ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် (၆၈.၅၈%) ရှိပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများသည်ကို တွေ့ရပါသည်။ အလုပ်လုပ်နိုင်သော အရွယ်အသင့်အတင့် ရှိသဖြင့် လူသားအရင်းမြစ်ကောင်း

တစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက် အောင်စွမ်းဆောင်နိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဆင်လမ်းကြီးကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းဖြစ်ပြီး တရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းနေပါသည်။ ကျေးရွာတွင် ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု၊ ယာမြေသုံးစက်ကိရိယာပိုင်ဆိုင်မှုများရှိခြင်းကြောင့် ကျေးရွာစီပွားရေး အသင့်အတင့်ကောင်းမွန်ပါသည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် လက်သမား/ပန်းရံစသော အသေးစားအိမ်တွင်းလုပ်ငန်းများလည်း တွဲဘက်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုမှာအများဆုံးဖြစ်ပြီး မြေယာမဲ့အိမ်ထောင်စု (၆၃%)အိမ်ထောင်စုရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်တောင်သူလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲ နှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော ၆၇ အိမ်ထောင်စုကို လေ့လာစန်းစစ်မှုအရ (၁၀၀%) မှာ သူတပါးထံမှ ချေးငှားပြီး (၃)လခန့် အောက် စားသုံးနိုင်ကြသည်။ အိမ်ထောင်စုအားလုံး၏ (၃၉.၀၅%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ပြီး ဆင်းရဲကာ မိသားစုဦးရေးများပါသည်။ မိသားစုစောက်ရှောက်မှုနည်း သော သက်ကြီး ရွယ်အို (၅၉)ဦး မသန်စွမ်း(၂)ဦးရှိပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးရွာသူ/သားတို့သည် တစ်ကိုယ်ရေသန့်ရှင်းရေး ကျန်းမာရေးအသိအမြင် များရှိကြသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်၊ရေစုပ်စက်များမှ မြေအောက်ရေရရှိသည့်အတွက် မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိရသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် နည်းပြီး အခြေခံပညာရေးကို အလယ်တန်းအဆင့်သာရှိပြီး အထက်တန်းပညာရေးကို မင်းဘူး (အထက–၁)နှင့်(အထက–၂)တို့တွင် သွားရောက်သင်ကြားနိုင်သည်။ အသက်မွေးဝမ်းကျောင်း

ကျွမ်းကျင်မှု မှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ဆင်လမ်းကြီးကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာ လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် ပညာရေးနှင့် လုပ်ငန်းတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာသင်ကြားရေးတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရှိကြသည်။ ကျေးရွာတွင်နေ့စား လုပ်အားခနှုန်းမှာ အမျိုးသားနှင့် အမျိုးသမီး တန်းတူရရှိကြသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ ကျေးရွာဖွံ့ဖြိုးရေး၊ ဘာသာရေး၊ လူမှုရေးများတွင် ညီညီညွတ်ညွတ်လုပ်ဆောင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်း(၅)ဖွဲ့မှာလည်း အသေးစားငွေစုငွေချေးလုပ်ငန်းများကို လည်ပတ် ဆောင်ရွက်လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် နှမ်းနှင့်ပဲမျိုးစုံကို အဓိကစိုက်ပျိုးပြီး ယာမြေကေ(၁၉၁၅)ကေရှိပြီး မိုးလယ်တွင် ပဲမျိုးစုံစိုက်ပျိုးကြသည်။ ပျှမ်းမျှနှမ်းအထွက်နှုန်း (၅-၈)တင်း၊ ပဲကြီး(၁၀)တင်း၊ ကုလားပဲ(၁၂)တင်း၊ ပဲစဉ်းငုံ(၁၂)တင်းထွက်ရှိပါသည်။ တောင်သူအများစုသည်လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမားအလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှအလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားပါသည်။ တောင်သူ များသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှုရင်ဆိုင်ရတတ်သည်။ မြေအောက်ရေကို ရေစုပ်စက်ဖြင့်တင်ကာ သုံးကြရသည်။ စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုရှိပြီး ယင်းဖျက်ပိုးများသည်

ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။ကျေးရွာတွင် ဝက်မွေးသည့်အိမ်ထောင်စု (၀.၂၁%)၊ ဆိတ်မွေးသည့် အိမ်ထောင်စု(၀.၇၈%) နှင့် ဒေသကြက်မွေးသည့် အိမ်ထောင်စု(၁.၉၅%)၊ ခိုင်းနွားမွေးသည့် အိမ်ထောင်စု (၂.၁၂%) မွေးမြူကြပါသည်။ နွားမွေးမြူခြင်းတွင် ခိုင်းနွားများသာ စိုက်ပျိုးရေး အတွက် အဓိကမွေးမြူကြပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေး/ကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။

### (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရ ဝန်ထမ်းတို့ဖြစ်ကြပါသည်။ လက်လုပ် လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများသော်လည်း လုပ်ငန်းရှားပါးသောကြောင့် အဆင်ပြေမှုနည်းပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်းအချို့ကို သင်ကြားလိုသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်း တွင်လည်း နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံနိုင်ရန်နှင့် လုပ်ငန်းထူထောင်ရန် လည်း အတတ်နိုင်ကြချေ။

### (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးစရိတ်အတွက် မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း (၈၀)ပြား ၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမမှလာရောက်ဖွဲ့စည်းပေးသော မွေး/ထွေ အဖွဲ့ဝင်(၁၅၀)ဦး၊ စိုက်/ထွေအဖွဲ့မှ (၄၅)ဦးရှိကာ တစ်လအတိုးနှုန်း(၁.၅)ကျပ် ချေးယူနိုင်သည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ အဖွဲ့ဝင်(၁၆၂)ဦးအား(၁)လ (၂)ကျပ်နှုန်းဖြင့် (၁)ဦးလျှင်(၁၅၀၀၀ဝိ/)ဖြင့် ချေးယူနိုင်ကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းစာသင်ကျောင်းအရွယ်အစားမှာ (၆၀'×၃၀'×၁၂')၊ (၅၀'× ၃၀'× ၁၅') နှင့် အလယ်တန်းကျောင်းခွဲအရွယ်အစား (၆၀'×၃၀'×၁၂') နှင့် (၄၅'×၃၀'×၁၂') တို့ရှိပါသည်။ ကျောင်းသို့ခြေလျှင်တက်ရပါသည်။ အထက်တန်းကျောင်းကို မင်းဘူး(အ-ထ-က-၁/၂) ကျောင်းသို့ တက်ရောက်ရပါသည်။ ကျေးရွာတွင် မူလတန်းပြ ဆရာမမလုံလောက်ပါ။ ကျေးရွာတွင် ကျောင်းသုံး စာအုပ်၊ ပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းတွင် ဆရာ/မများအတွက်သာ အိမ်သာရှိပြီး ကျောင်းသူ/သားများ အိမ်သို့ ပြန်လည် အသုံးပြုရသဖြင့် အိမ်သာ လိုအပ်နေပါသည်။ ကျောင်းစရိတ် မတတ်နိုင်၍ ကျောင်းမထားနိုင်သူများ လည်းရှိပါသည်။ ကျေးရွာတွင် ကာကွယ်ဆေးများကို နိုင်ငံတော်မှ အပတ်စဉ်ထိုးနှံပေးပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်၊ ရေမှုတ်စက်များ တပ်ဆင်ထားသည့်အတွက် သောက်သုံးရေဖူလုံမှုရှိပြီး ယင်လုံအိမ်သာ(၁၁၆)လုံးသာရှိပြီး ကျန်အိမ် ထောင်စုများမှာ တဝိုင်းထဲအတူနေအိမ်ထောင်စုများသုံးစွဲခြင်း ရှိနေပါသည်။ ကျန်းမာရေး ဆေးပေးခန်း မရှိသည့်အတွက် ကျေးရွာတွင်ကျန်းမာရေးစောင့်ရှောက်မှုအားနည်းပါသည်။ နိုင်ငံတော်မှ ချမှတ်ပေးသော ဆရာမ(၁)ဦးသာရှိပြီး ကျေးရွာပေါင်း(၅)ရွာ တာဝန်ယူရသဖြင့် (၁)လ(၁)ကြိမ်သာ ကျေးရွာသို့ ရောက်ပါသည်။ ကျေးရွာတွင်ဆေးပေးခန်း တည်ဆောက်ခြင်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် နေရာသီးသန့် မရှိပါ။ အားလပ်ချိန်တွင် အနားယူစာဖတ်နိုင်ရန် ကိုယ်ထူကိုယ်ထဖြင့် စာကြည့်တိုက်ဆောက်လုပ် လျှက်ရှိပါသည်။ လူငယ်များသည် ဘာသာရေး၊လူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြင့်ပါဝင်ကြသည်။ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လုပ်အားဖြင့် တက်ကြွစွာပါဝင် ဆောင်ရွက် ကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ဆင်လမ်းကြီးကျေးရွာနှင့် အခြားကျေးရွာသို့ ဆက်သွယ်ထားသော လမ်းမှာ (၂)မိုင်(၄) ဖာလုံအား နိုင်ငံတော်မှ လမ်းခင်းပေးထားပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရှိသည့်အတွက် ဆိုလာမီးကို သုံးစွဲနေရသည်။ မိုဘိုင်ဖုန်းကို သတင်းနှင့်ဆက်သွယရေးအတွက် အသုံးပြုလျှက် ရှိသော်လည်း အင်တာနက်လိုင်းမကောင်းပါ၊

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး၊ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ချောမွေ့စေသည်။ ကျေးရွာတွင်မီးဘေးအန္တရာယ်ကြိုတင် ကာကွယ် ရေးအနေဖြင့် မနက်(၁)ကြိမ် ည(၁)ကြိမ် မီးစစ်ဆေးပါသည်။ ရွာသားများသည် ရဲစခန်းသို့

အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှု ဖြစ်ပွားမှု နည်းပါးခြင်းကြောင့် အုပ်ချုပ်ရေး လက်လှမ်းမီခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာတွင် စိုက်ပျိုးရေးကို အခြေခံ၍ စိုက်ပျိုးလုပ်ကိုင်ကြသည်။ မြေအနေအထားသည် ပြန့်ဖြူးသောမြေနှင့် ကုန်းတွင်းပိုင်းမြေ ဟုနှစ်မျိုးရှိသည်။ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်။ တောင်သူများသီးနှံထွက်ကုန်းများကို ရွာချင်ဆက်လမ်းမှတဆင့် ဆက်သွယ်သွားလာရသဖြင့် လမ်းကောင်းလျှင် ကုန်စည်စီးဆင်းမှု ကောင်းမွန်သည်။ ကျေးရွာတွင် ပခုက္ကူ-ကြံခင်းရထားလမ်းဘေးတွင် တည်ရှိသောကြောင့် မင်းဘူးသို့ ရထားဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း သွားလာနိုင်သည်။ ကျေးရွာတွင် သီးနှံများအထွက်နှုန်းကောင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ သင်တန်းများပေးပါက စိုက်ပျိုးရေး ပိုမိုအားကောင်းလာနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် ဆိတ်၊နွား၊ကြက်နှင့် ဝက်တို့ကို အဓိက မွေးမြူသည့်အတွက် မွေး/ကုဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေခြင်၊ ရောဂါအတွက် အသိပညာပေးခြင်းများနှင့် ဈေးကောင်းရရှိရေးဆောင်ရွက်ခြင်းဖြင့် ပိုမိုအားကောင်းလာနိုင်ပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် စိုက်ပျိုးရေးကို အခြေခံ၍ စိုက်ပျိုးစားသောက်ရသည့်အတွက် ယာမြေသစ်များ မရှိသဖြင့် မြေဆီလွှာခန်းခြောက်ပြီး သီးနှံအထွက်နှုန်းလျော့နည်းလာပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာထိန်းသိမ်းနည်း၊ သက်တမ်းတိုသီးနှံများစိုက်ပျိုးနည်း သင်တန်းများ ဆောင်ရွက်သင့်ပါသည်။ ရာသီဥတုဖောက်ပြန်လာသည့် အတွက် သီးနှံပိုးမွှားကျရောက်သည့်အတွက် ရောဂါ ဒါဏ်ခံနိုင်သည့် မျိုးစေ့များ ထုတ်လုပ်ရောင်းချခြင်း၊ ဇီဝစိုက်ပျိုးနည်းများဖြန့်ဝေခြင်းဖြင့် လျော့ချနိုင်ပါသည်။ စိုက်ပျိုးနည်းစနစ်များ ဖြစ်ထွန်းကောင်းမွန်စေရန်အတွက် ရင်းနှီးမတည်ငွေများ လုံလောက် အောင်ထုတ်ချေးခြင်း၊ ကျေးလက်နေတောင်သူများအတွက် ကုန်ကျစရိတ်သက်သာစေရန် ကျေးရွာအရောက် စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းများ ဆောင်ရွက်ပေးလျှင် ပိုမိုကောင်းမွန်စေပါသည်။ ကျေးရွာဖြစ်သည့် အားလျော်စွာ ပညာတတ် အလွန်နည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ရှိသဖြင့် လက်မှုပညာ၊ စက်မှုပညာသင်တန်းများ သင်တန်းပို့ချခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်စေမည် ဖြစ်ပါ သည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြေသားရေကန်အနက်နှိုက်ပြုပြင်ခြင်းဖြင့် တိရိစ္ဆာန်သောက်သုံးရေနှင့် အခြားသုံးရေးတို့လုံလောက်လာစေနိုင်ပါသည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းဖြင့် သီးနှံထွက်ကုန်များ ကို လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ပါသည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် အမြင့်တင်ရေစင်တည်ဆောက်ခြင်းဖြင့် သောက်သုံးရေးလုံလောက်စေနိုင်ပါသည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဆိုလာရေတင်စနစ်ဆောက်လုပ်ခြင်းဖြင့် စက်သုံးဆီ ဝယ်ယူခြင်း ဆိုင်ရာ ကုန်ကျစရိတ်များ သက်သာစေနိုင်ပါသည်။

က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာချင်းဆက်လမ်းတည်ဆောက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေနိုင်ပါသည်။

က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုး/မွေးမြူရေး ဆိုင်ရာ ဟောပြောများ ကျင်းပခြင်းဖြင့် စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး အကောင်အထည်ဖော် ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ပါသည်။

က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြေထိန်းနံရံတည်ဆောက်ခြင်းဖြင့် ကမ်းပါးပြိုခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်ပါသည်။

က.၁၀) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျောင်းဆရာ/မ ထပ်တိုးရရှိရေးဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍတိုးတက်လာနိုင်ပါသည်။

က.၁၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကျေးရွာ လူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင်လုပ်သားများ ပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာနိုင်မည်ဖြစ်ပါသည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းအား ကျေးရွာမှ လုပ်အား၊ ငွေအား ပါဝင်ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်ပြီး နည်းပညာများအား ကျေးလက်ဦးစီး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အားနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်သွားပါမည်။

ခ.၂) ကျေးရွာတွင် တိရိစ္ဆာန်သောက် သုံးရေနှင့် အခြားသုံးရေးတို့လုံလောက်လာစေနိုင်စေရန် မြေသားရေကန်အနက်နှိုက်ပြုပြင်ခြင်းအား ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ် ပါသည်။

ခ.၃) ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းအား ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံပြီး လိုအပ်သောကုန်ထုတ်လမ်းအကျယ်ရရှိအောင် မြေယာလှူဒါန်းမှုများ ပြုလုပ် သွားမည် ဖြစ်ပါသည်။

ခ.၄) ကျေးရွာတွင် သောက်သုံးရေး လုံလောက်စေနိုင်စေရန် အမြင့်တင်ရေစင်တည်ဆောက်ခြင်းအား ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ခ.၅) ကျေးရွာတွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာနိုင်စေရန် ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်းအား ကျေးရွာမှ ရပ်မိရပ်ဖများ ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ ကျန်းမာရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးရေး NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ခ.၆) ကျေးရွာတွင် စက်သုံးဆီဝယ်ယူခြင်း ဆိုင်ရာကုန်ကျစရိတ်များ သက်သာစေနိုင်ရန် ဆိုလာရေတင်စနစ်ဆောက်လုပ်ခြင်းအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ခ.၇) ကျေးရွာတွင် လမ်းပန်း ဆက်သွယ်ရေးလွယ်ကူစေနိုင် စေရန် ကျေးရွာချင်းဆက်လမ်း တည်ဆောက်ခြင်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ခ.၈) ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး အကောင်အထည်ဖော် ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်စေရန် စိုက်ပျိုး/မွေးမြူရေး ဆိုင်ရာ ဟောပြောများ ကျင်းပခြင်းအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများ ထံသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

ခ.၉) ကျေးရွာတွင် ကမ်းပါးပြိုခြင်းမှ ကင်း လွတ်နိုင်စေရန် မြေထိန်းနံရံတည်ဆောက်ခြင်းအား မြစ်များချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁.၁၀) ကျေးရွာတွင် ပညာရေးကဏ္ဍတိုးတက်လာနိုင်စေရန် ကျောင်းဆရာ/မ ထပ်တိုးရရှိရေး ဆောင်ရွက်ခြင်းအား ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၁.၁၁) ကျေးရွာတွင် ကျေးရွာလူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင်လုပ်သားများ ပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာနိုင်စေရန် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်းအား ကျေးလက် ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာနနှင့် NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုး ပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် နှမ်းသီးနှံ၊ပဲစဉ်ငုံ၊ပဲကြီးနှင့် အခြားသီးနှံများ စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်ရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နှင်ရေးအတွက် ငက်ဆိုင်ရာ ဦးစီး ဌာနမှ ဝန်ဆောင်မှုများ ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂိက အရောင်းဆိုင်များကိုပိုမို အားထားသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်း ရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံ များအပါအဝင် ပိုးမွှား နှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးတို့အတွက် စိုက်ပျိုးရေးဦးစီး ဌာနမှ ဆောင်ရွက်ပေးသင့်ပါ သည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ကျေးရွာနေ တောင်သူများ ဘ ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ တောင်သူများစိုက်ပျိုးချိန်မီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် နည်းပါးသဖြင့် အထူးသဖြင့် တောင်သူများ အတွက် အထိုက်အလျောက် များပြားသော စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီရရှိရန် လိုအပ်ပါသည်။

### (ဃ) ကျေးလက်အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများ အတွက် အခွင့်အလမ်းရှိပါသည်။ ကျေးရွာတခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျေးရွာတွင် အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်းများပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်လုံလောက်သော ရန်ပုံငွေလည်းရှိရမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ

ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်း အဝေးတွင်

စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအဖေဂျင်စီများ ထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| *ပညာရေးကဏ္ဍ* | | | | | |
| | ကျောင်းဆရာ/မ ထပ်တိုးရရှိရေးဆောင်ရွက်ခြင်း | ၇၀ | ၁၁ | -ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| | ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း | ၈၂ | ၆ | -ဆေးခန်းရရှိရန် ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>-ကျန်းမာရေးဝန်ထမ်းရရှိအောင် တင်ပြခြင်း<br>-ကျန်းမာရေးအတွက် အထောက်အကူပေးသော အဖွဲ့များ၊ NGOများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | |
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| | ကုန်ထုတ်လမ်း တည်ဆောက်ခြင်း | ၉၇ | ၃၅ | -ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |

| | | | | |
|---|---|---|---|---|
| | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ | -ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| | မြေသားရေကန်အနက်နှိုက်ပြုပြင်ခြင်း | ၉၉ | ၂ | - ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| | အမြင့်တင်ရေစင်တည်ေ ောက်ခြင်း | ၉၅ | ၄ | - ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| | ဆိုလာရေတင်စနစ်ဆောက်လုပ်ခြင်း | ၈၀ | ၇ | - ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| | ကျေးရွာချင်းဆက်လမ်းတည်ဆောက်ခြင်း | ၇၇ | ၈ | - ကျေးလက်လမ်းဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| | မြေထိန်းနံရံတည်ဆောက်ခြင်းတည်ဆောက်ခြင်း | ၇၂ | ၁၀ | -မြစ်ချောင်းဖြိုးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |

| | | | | |
|---|---|---|---|---|
| *စိုက်ပျိုးရေးကဏ္ဍ* | | | | |
| | စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း | ၇၅ | ၉ | -သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| *မွေးမြူရေးကဏ္ဍ* | | | | |
| | မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း | ၇၅ | ၉ | -သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| *စိုက်ပျိုး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများကဏ္ဍ* | | | | |
| | အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၆၇ | ၁၂ | -ကျေးလက်ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာနမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းလမ်းများကွန်ကရစ် ခင်းခြင်း | ၁ | √ | √ | √ | √ | √ |
| ၂။ မြေသားရေကန်အနက်နှိုက်ပြုပြင်ခြင်း | ၂ | | √ | √ | | |
| ၃။ ကုန်ထုတ်လမ်းတည်ဆောက်ခြင်း | ၃ | √ | √ | √ | √ | √ |
| ၄။ အမြင့်တင်ရေစင်တည်ဆောက်ခြင်း | ၄ | | | √ | √ | √ |
| ၅။ ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်း | ၅ | | | √ | √ | √ |
| ၆။ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း | ၆ | √ | √ | √ | √ | √ |
| ၇။ ဆိုလာရေတင်စနစ်ဆောက်လုပ်ခြင်း | ၇ | | √ | √ | | |
| ၈။ ကျေးရွာချင်းဆက်လမ်းတည် ဆောက်ခြင်း | ၈ | √ | √ | √ | √ | √ |
| ၉။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဟောပြောများ ကျင်းပခြင်း | ၉ | | | √ | √ | √ |
| ၁၀။ မြေထိန်းနံရံတည်ဆောက်ခြင်း | ၁၀ | | | √ | √ | √ |

| | | | | |
|---|---|---|---|---|
| ၁၁။ ကျောင်းဆရာ/မ ထပ်တိုးရရှိရေးဆောင်ရွက်ခြင်း | ၁၁ | √ | √ | √ |
| ၁၂။ အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၁၅ | √ | √ | √ |

## ၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူ ပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါ မည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီး ဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း

များ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော် သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်း များ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူ အညီများ ကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၈ | ၁၁ | ၁၉ | ၁.၄၁% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၄၀ | ၄၄ | ၈၄ | ၆.၂၈% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅၇ | ၅၀ | ၁၀၇ | ၇.၆၇% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၈၀ | ၇၇ | ၁၅၇ | ၁၁.၆၈ % |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၂၁ | ၄၃၅ | ၈၅၆ | ၆၃.၆၉% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၆ | ၇၅ | ၁၂၁ | ၉.% |
| **စုစုပေါင်း လူဦးရေ-၁၃၄၄** | | **၆၅၂** | **၆၉၂** | **၁၃၄၄** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု -၃၅၅** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မင်းဘူးမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ဆင်လမ်းကြီးကျေးရွာသည် အိမ်ထောင်စု(၃၅၅)စုရှိပါသည်။ လူဦးရေစုစုပေါင်း (၁၃၄၄)ယောက် ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ၆၃.၆၉%ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လူစွမ်းအားအသင့်အတင့်ရှိပါသည်။ အုပ်ချုပ်ရေးမှူးရုံးတွင်ရှိသော စာရင်းနှင့် အနည်းငယ် ကွဲလွဲမှု ရှိကြောင်းတွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင် စု | % | မိသားစု ဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅၇ | ၄၄.၃၂ | ၄၀၀ | | ယာလုပ်ငန်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၅၈ | ၄၅ | ၃၀၄ | | ကူလီလုပ်ငန်း |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၇ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | ဆိတ်-၂၃ နွား-၄ |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | ၂ | | ဆီစက် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | | ၂ | | လက်သမား/ ပန်းရံ |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၃ | စက်ချုပ်-၃ |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၀.၂၈ | ၆ | | ကားမောင်း-၃<br>သုံးဘီး-၃ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | | ၂ | | ရဲ/စစ်ဝန်ထမ်း |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | ၃ | | ၃ | | ဆရာမ-၃ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | အလုပ်သမား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၉၆ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁၁ | |
| | **စုစုပေါင်း** | ၃၃၀ | | ၇၁၉ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် တောင်သူလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ရာသီဥတုဆိုးဝါးသဖြင့် ပြည်တွင်းပြည်ပသွားရောက်လုပ်ကိုင်ကြရသောကြောင့် လုပ်သားရှားပါးမှု ရှိပါသည်။ စိုက်ပျိုးရေးနှင့် တွဲဘက်၍ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ဈေးဆိုင်၊ ပညာရေးဝန်ထမ်း၊ စသည်တို့လုပ်ကိုင်ကြပါသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | | ၅၀၀၀ | | ပန်းရံ/ လက်သမား |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ် သုံးပစ္စည်းများပြင်ဆင် ရေး | နေ့စား | ၇၅၀၀ | | ၅၀၀၀ | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်မျာ း (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဆင်လမ်းကြီးကျေးရွာတွင် ဆောက်လုပ်ရေး လုပ်ငန်းတွင်သာ လုပ်အားပေါ်မူတည်၍ ကွဲပြားခြားနားပြီး ကျန်လုပ်ငန်းများတွင် ခြားနားမှုမရှိကြောင်း တွေ့ရှိရ ပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | | | | |
| ယာမြေ /တောင်ယာ | ၁၉၁၅ | သင့် | မရ | - |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| **စုစုပေါင်း** | **၁၉၁၅** | | | |

ရင်းမြစ် …(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဆင်လမ်းကြီးကျေးရွာတွင် ယာမြေဧက ၁၉၁၅ ဧက ၊ မြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်ပြီး မိုးရေကိုအဓိကထား စိုက်ပျိုးရပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | နည်း | ခက် |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် သဘာဝအပင် မျိုးစိတ်များနှင့် ပတ်သက်၍ ဆေးဘက်ဝင်အပင်များ အသင့်အတင့်ရှိခြင်းနှင့် နွားစာအဖြစ် သီးနှံများမှရရှိပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂–၄၀ဧက | ၅–၁၂ဧက | ၃–၅ဧက | ၁–၂ဧက |
| အိမ်အခြေအနေ | ပျဉ်ထောင်အိမ် | ၄ပင်သွပ်မိုး | ၃ပင် သွပ်မိုး | ၃ပင်ရိုးရိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်/ချေ့လှေ့စက်/ရေစုပ်စက် | ရေစုပ်စက်/လှည်း/နွား | လှည်း/နွား | ပေါက်ပြား/တူရွင်း |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော | TV/ဆိုင်ကယ်/ဖုန်း/ကား/ရေခဲ | TV/ဆိုင်ကယ်/ဖုန်း | ရေဒီယို/ဖုန်း/စက်ဘီး | ဖုန်း/ဆိုင်ကယ်– |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ပိုင်ဆိုင်မှု | သေတ္တာ | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | နေ့စား/ကူလီ | ကူလီ |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ၇၃ | ၅၈ | ၉၀ | ၁၃၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ လယ်ယာ သုံးစက်ကိရိယာပိုင်ဆိုင်မှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၆၇ | | ချေးယူ |
| ၃ လနှင့် ၆ လအောက် | | | |
| ၆ လ မှ ၁၂ လ အထိ | | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် ဝမ်းစာ ဖူလုံမှု၃ လအောက် အိမ်ထောင်စု အရေအတွက်မှာ (၆၇)စုရှိပြီး ၎င်းအိမ်ထောင်စုများသည် ငွေတိုးချေးသူနှင့် NGOအဖွဲ့များထံမှ ချေးယူရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | – | – | – |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဆင်လမ်းကြီးကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင် အိမ်ထောင်စု (၁၅)စုရှိပြီး တောင်သူလုပ်ငန်း လုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | မိုးရေကို အဓိက အားထားရခြင်း |
| ၃ | ရေကြီးခြင်း | | |
| ၄ | မိုးခေါင်ခြင်း | မြင့် | ရာသီဥတုဖောက်ပြန်ခြင်း |
| ၅ | အအေးလွန်ကဲခြင်း | | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှော် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | – | – |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ဓာတုဆေးဝါးများ သုံးစွဲခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ခုတ်ထွင်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးလက်လှမ်းမီခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးဌာနမှ ပညာပေး၊ ဆေးပေးခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | – | – |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | – | – |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | မိုးရာသီတွင် ကျရောက်ခြင်း |
| ၁၇ | လူကုန်ကူးခြင်း | – | – |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | – | – |
| ၁၉ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် အပူပိုင်းဒေသတွင်တည်ရှိသဖြင့် မိုးခေါင်သော ဒါဏ်ကို ခံစားရပါသည်။ မိုးခေါင်သောကြောင့် သီးနှံများ အထွက်နှုန်းကျဆင်းပြီး စားနပ် ရိက္ခာဖူလုံမှုမှာ အားနည်းပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | – |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | လတ် | ရာသီဥတု |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | – | – |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | – | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | – | – |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | – | – |
| ၉ | ငါးကန်ပိုင်ရှင် | – | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | – |
| ၁၁ | လူနည်းစုလူမျိုးများ | – | – |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် | – | – |

| | | | |
|---|---|---|---|
| | နေထိုင်သူများ | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိ သော သူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | - |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာသည် မြေပြန့်ဖြစ်သောကြောင့် မြစ်ကမ်းဘေး နေထိုင်သူ မရှိပါ။ ကားသမားအိမ်ထောင်စု အနည်းငယ် ရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်း ဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၂ | ၃၅ | | ၃၅ | အုပ်ချုပ်ရေး | ၄ | ၈ |
| ၂ | ကျောင်းကော်မတီ | ၃ | ၂၂ | | ၂၂ | ပညာရေး | ၄ | ၆ |
| ၃ | လူငယ်အဖွဲ့ | ၂ | ၁၅၀ | | ၁၅၀ | လူမှုရေး | ၄ | ၆ |
| ၄ | မီးသတ်အဖွဲ့ | ၂ | ၂၆ | | ၂၆ | လူမှုရေး | ၄ | ၈ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန် အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထား ရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် လူငယ်အဖွဲ့နှင့် အရံ မီးသတ်အဖွဲ့မှ ဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact-Myanmar | ၂ | ငွေချေးပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရန် |
| ၂ | သမ | ၄ | ငွေချေးပေးခြင်းနှင့် (၆)လအတွင်း ပြန်လည် ပေးဆပ်ရန် |
| ၃ | စိုက်ဘဏ် | ၄ | ငွေချေးပေးခြင်းနှင့် (၆)လအတွင်း ပြန်လည် ပေးဆပ်ရန် |
| ၄ | ချစ်သောမြန်မာ | ၂ | တောင်သူအတွက် ငွေထုတ်ပေးခြင်း |
| ၅ | မြစိမ်းရောင် | ၂ | ငွေချေးပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရန် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် ပက်စ်မြန်မာအဖွဲ့မှ ငွေချေးပေးခြင်းနှင့်

ပြန်လည်ပေးဆပ်ရန်၊သမအသင်းနှင့် စိုက်ဘဏ်မှ ငွေချေးပေးခြင်းနှင့် (၆)လအတွင်း ပြန်လည်ပေးဆပ်ရန်၊ စသော လုပ်ငန်းတာဝန်များနှင့် အစီအစဉ်များ ချမှတ်ထားပါသည်။

**(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေ အတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၂၁ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂၂ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၆၂ | | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၁၂ | | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၃၈ | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၃၅၅** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် မြေယာမဲ့(၁၂၁)အိမ်ထောင်စု ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။

**(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ / ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | ၁၉၁၅ | တနှစ်ပတ်လုံး | ရှိ |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | မိုးရေ | ၁၉၁၅ | ရာသီအလိုက် | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် မိုးရေကို အဓိကထားနေရပြီး ပုဂ္ဂလိက အဝီစိတွင်းများမှလည်း ရရှိနိုင်ပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ် ချက် (နိမ့်/ လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၁၀၀၀ | တင်း | ၅ | ၈ | ၆ | မေ | ဩဂုတ် | နိမ့် | နိမ့် | သီးနှံ ဈေးမကောင်း |
| ပဲကြီး | ၃၀၅ | တင်း | ၁၀ | ၁၅ | ၁၂ | စက်တင်ဘာ | ဇန်နဝါရီ | နိမ့် | နိမ့် | သီးနှံ ဈေးမကောင်း |
| ကုလားပဲ | ၃၀၅ | တင်း | ၁၂ | ၁၆ | ၁၄ | အောက်တိုဘာ | ဒီဇင်ဘာ | နိမ့် | နိမ့် | |
| ပဲစဉ်းငုံ | ၃၀၅ | တင်း | ၁၂ | ၁၈ | ၁၅ | မေ | နိုဝင်ဘာ | နိမ့် | နိမ့် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဆင်လမ်းကြီးကျေးရွာတွင် အဓိက သီးနှံအဖြစ် နှမ်း၊ ကုလားပဲနှင့် တို့ကို အဓိကစိုက်ပျိုးပါသည်။ ဈေးကွက်မကောင်းခြင်း၊ ကူလီအငှားခဈေးကြီးခြင်း၊ ပိုးသတ်ဆေး ဈေးကြီးခြင်းတို့ကြောင့် အမြတ်ရရှိမှု နည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|
| | တစ်ဦး | အဖွဲ့ပိုင် | ရွာပိုင် | | |

| | ချင်းပိုင် | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ် သမားဦးရေ | တောင်သူအရေအတွက် | |
|---|---|---|---|---|---|---|---|
| ထွန်စက် | ၃ | | | | | ၁၅၀ | |
| လက်တွန်းထွန်စက် | ၁ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်း စက် | | | | | | | |
| ခြွေလှေ့စက် | ၄ | | | | | ၂၃၀ | |
| ရေစုပ်စက် | ၇၂ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဆင်လမ်းကြီးကျေးရွာတွင် တစ်ဦးချင်းပိုင်ထွန်စက် (၃)စီးရှိ၍ စက်ကိရိယာ ငှားရမ်းလုပ်ကိုင်သူ တောင်သူ (၁၅၀)ဦးခန့် ပြီး ကျန်အိမ်ထောင်စုများသည် နွားများဖြင့်သာ ထွန်ယက်စိုက်ပျိုးကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | မြေနေရာ အလုံအလောက်ရှိခြင်း |
| ရေရင်းမြစ် | မိုးရေမှ ရရှိပါသည်။ |
| သဘာ၀မြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | ဆိတ်ချေး၊နွားချေး၊ မြေဆွေး |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | နည်းစနစ်မမှန်ခြင်း |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်၊ သမ၀ါယမ၊ ပက်မြန်မာ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ အားနည်းပါသည်။ |
| သွင်းအားစုဈေးကွက် | နည်း |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | မင်းဘူး၊မကွေးသို့ သွားရောက်ရောင်းချပါသည်။ |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် စိုက်ပျိုးမြေလုံလောက်မှုရှိပါသည်။ ရေအရင်း

အမြစ်အဖြစ် မိုးရေမှ ရရှိပါသည်။ သဘာဝမြေဩဇာအဖြစ် ဆိတ်ချေး၊ နွားချေး နှင့် မြေဆွေးများကို အသုံးပြုကြပါသည်။ ထွက်ကုန်များရောင်းချရာတွင် ကုန်ဈေးနှုန်းကျဆင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေယာတိုးချဲ့နိုင်မှု နည်းခြင်း |
| မြေဆီဩဇာ အခြေအနေ | မြေဆီဩဇာ အခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ငွေကြေးအရင်းအနှီး ရရှိနိုင်မှု နည်းပါးပါသည်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီရရှိအသုံးချနိုင်မှု | မရှိခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | ကျွမ်းကျင်လုပ်သားရှားပါးမှုရှိပါသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | နည်းပါးပါသည်။ |
| စိုက်ပျိုးရေ မလုံလောက်မှု | မိုးရေကိုသာ အဓိကထားရခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | ပိုးသတ်ဆေးများ စနစ်တကျ မသုံးစွဲတတ်ခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | ပွဲစားများသာရောင်းချရခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့်ပတ်သက်ပြီးသီးသန့်ဟောပြောပွဲမရှိပါ။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဆင်လမ်းကြီးကျေးရွာတွင် မြေယာတိုးချဲ့နိုင်မှု နည်းခြင်း၊စိုက်ပျိုးရေ မလုံလောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ပွဲစားများသာရောင်းချရခြင်း၊ကျွမ်းကျင် လုပ်သား ရှားပါးခြင်း တို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၁၆၇ | ၄၉၉ | |
| နို့စားနွား | – | – | – |
| မြင်း | | | |
| ကျွဲ | – | – | |
| မြည်း | – | – | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| လား | - | - | |
| ဆိတ် | ၂၃ | ၂၇၄ | |
| သိုး | - | - | - |
| ဝက် | ၃ | ၄ | စိုက်ပျိုးရေးနှင့်တွဲဘက်မွေးမြူခြင်း |
| ကြက် | ၁၈၂ | ၈၀၄ | စိုက်ပျိုးရေးနှင့်တွဲဘက်မွေးမြူခြင်း |
| ဘဲ | | | - |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |
| အခြား | - | - | - |

ရင်းမြစ်... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဆင်လမ်းကြီးကျေးရွာတွင် စိုက်ပျိုးရေးနှင့် တွဲဘက် မွေးမြူ ကြပါသည်။ စီးပွားဖြစ်စနစ်တကျ မွေးမြူခြင်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ရိတ်သိမ်းပြီး လယ်ယာမြေပြီးစီးချိန် |
| ရေရရှိမှု | ကန်များ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိ |
| ချေးငွေ | ရှိ |
| သွင်းအားစု ဈေးကွက် | မရှိ |
| ဝန်ဆောင်မှု ဈေးကွက် | မရှိ |
| ထုတ်ကုန် ရောင်းဝယ်မှု | ရှိ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မရှိ |
| အခြား | - |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | – |
| ချေးငွေ | – |
| သွင်းအားစု လက်လှမ်းမီမှု | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| အခြား | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဆင်လမ်းကြီးကျေးရွာတွင် မွေးမြူရေးအတွက် မွေးမြူရေး အတွက် သီးသန့် ချေးငွေမရရှိပါ။ ကျေးရွာအနေအထားအရ နေထိုင်သည့် လူဦးရေနှင့် မြေ အနေအထား ကိုက်ညီမှုမရှိသဖြင့် မြေများ တိုးချဲ့ ဆောက်လုပ်နေကြကြောင်းတွေ့ရှိရပါသည်။

**(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | ရရှိပြီး လုံလောက်မှုမရှိခြင်း |
| ကူးစက်ရောဂါဖြစ်ပွားမှု | ရှိ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်း |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | ဈေးနှုန်းမြင့်မားမှုကြောင့် လက်လှမ်းမမီခြင်း |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ချေးငွေ ရရှိနိုင်မှု | – |
| အခြား | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ ဆင်လမ်းကြီးကျေးရွာတွင် မွေးမြူရေးအတွက် ချေးငွေ ရရှိနိုင်မှုနည်းပါးပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်၊ လေလံ လက်လှမ်းမှီမှုမှာ နည်းပါးပါသည်။ မွေးမြူရေးမှာ စိုက်ပျိုးရေးနှင့်တွဲဘက် လုပ်ကိုင်ကြပါသည်။

(၂.၂.၃)  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၂ | | ၂ | မြင့်<br>လက်သမား/ပန်းရံ |
